Yever
smarter together

Myanmar Centre for Responsible Business

# သတင်းထုတ်ပြန်ချက်

**Embargo 10am Yangon time, 30 April 2019**

## “စီးပွားရေးလုပ်ငန်းများအတွက်  ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ပွင့်လင်း မြင်သာမှုများကို မြန်မာစီးပွားရေးလုပ်ငန်းရှင် အချို့က ရှင်းလင်းစွာ သိမြင်လာကြ ”

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန (MCRB)သည် ပဥ္စမအကြိမ်မြောက် ပွင့်သစ်စ အစီရင်ခံစာ၊ မြန်မာရှိ စီးပွားရေးလုပ်ငန်းများ၏ပွင့်လင်းမြင်သာမှု  အစီရင်ခံစာကို ယနေ့တွင် ထုတ်ပြန်လိုက် သည်။ ယခုနှစ်တွင်လည်း စီးပွားရေး အတိုင်ပင်ခံလုပ်ငန်းတစ်ခုဖြစ်သည့် Yeverနှင့်ပင်တွဲဖက်လုပ်ကိုင်ခဲ့ရာ Yeverက အစီရင်ခံစာအတွက် အခ ကြေးငွေမယူဘဲ ပူးပေါင်းလုပ်ဆောင်ခဲ့သည်။

၂၀၁၉ ပွင့်သစ်စတွင် မြန်မာစီးပွားရေးလုပ်ငန်းပေါင်း ၂၄၈ ခု၏ ဝဘ်ဆိုဒ်များကို လေ့လာအကဲဖြတ်ထားပါသည်။ ၎င်းတွင် စတော့အိပ်ချိန်းစာရင်းဝင်ကုမ္ပဏီ ငါးခု၊ အများပိုင် ကုမ္ပဏီ ၅၅ခု နှင့် ပုဂ္ဂလိကပိုင် ထင်ရှားသော ကုမ္ပဏီ ၁၆၀ ပါဝင်သည်။ အစိုးရပိုင် လုပ်ငန်း ၂၈ခု လည်း ပထမဆုံးအကြိမ် အဖြစ် ပါဝင်သည်။ ၎င်း အချက်က ၂၀၁၉ ပွင့်သစ်စ အစီရင်ခံစာကို စီးပွားရေးလုပ်ငန်းဆိုင်ရာ ပွင့်လင်းမြင်သာမှု ရှိခြင်းနှင့် ပတ်သက်ပြီး ရည်မှန်းချက် အမြင့်ဆုံး အများပြည်သူဆိုင်ရာ အစီရင်ခံစာဖြစ်စေပါသည်။ အစီရင်ခံစာသည်  မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုး တိုးတက်မှု ရည်မှန်းချက် ၂၀၁၈ ၏ ရည်ရွယ်ချက်များကို အထောက်အကူပြုစေရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်SDG (အထူးသဖြင့် SDG16) အောင်မြင်စေရန်အတွက် အထောက်အကူဖြစ်စေရန် ရည် ရွယ်သည်။

၂၀၁၉ ပွင့်သစ်စ အစီရင်ခံစာ စစ်တမ်းဆောင်ပုံနည်းလမ်းသည် ၂၀၁၈ ကနည်းလမ်းကိုပင် ဆက်လက်အသုံးပြု ထားပါသည်။ ကုမ္ပဏီများ၏ဝဘ်ဆိုဒ်ပေါ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကိုသာ အမှတ်ပေးထားပြီး ကော်ပိုရိတ် အကြောင်းအရာ၊ကော်ပိုရိတ်စီမံအုပ်ချုပ်ပုံ၊ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ စီမံခန့်ခွဲခြင်းနှင့် အစီရင်ခံခြင်းတို့ကို အာဆီယံ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း စံသတ်မှတ်ချက်များနှင့် တိုင်းတာ အကဲဖြတ် အမှတ်ပေးထားသည်။ MCRB နှင့် Yeverတို့သည် ၂၀၁၉အစီရင်ခံစာတွင် ရေရှည်တည်တံ့ ခိုင်မြဲမှုဆိုင်ရာ  စီမံခန့်ခွဲခြင်းနှင့် ပတ်သက်သော စွမ်းဆောင်ရည်ကို အမှတ်ပိုပေးထားပါသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် စင်ကာပူနှင့်ထိုင်းစတော့အိပ်ချိန်းအပါအဝင် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာက ဘဏ္ဍာရေးမဟုတ်သော  အစီရင်ခံစားများအတွက် လာရာများ ပြောင်းလဲလာခြင်းကြောင့်ဖြစ်သည်။ ထိုပြောင်းလဲမှုများမှ အချို့ကို ပွင့်သစ်စ၂၀၁၉၏ အပိုင်း(၁)တွင် ဖော်ပြထားပါသည်။

၂၀၁၉ပွင့်သစ်စတွင် ရမှတ်အများဆုံးရရှိသည့် ကုမ္ပဏီများမှာ City Mart Holdings (CMHL)၊ First Myanmar Investment (FMI)၊ Max Myanmar နှင့် Shwe Taung တို့ဖြစ်သည်။ ထုတ်ဝေခဲ့ပြီးသော အစီရင်ခံစာများတွင် ထိုကုမ္ပဏီများသာ ထိပ်တန်း (၁၀)တွင် ရပ်တည်နေသည်ကိုတွေ့ရသလို ၂၀၁၉ တွင်လည်း ၎င်းတို့၏ ထုတ်ဖော်တင်ပြမှုများမှာ ဆက်လက် တိုးတက်နေသည်ကို တွေ့ရသည်။ တဖက်တွင်မူ အကဲဖြတ်ခဲ့သည့် ကုမ္ပဏီ ၂၄၈ခုအနက် ၁၀၈ခု(၄၄ရာခိုင်နှုန်း)က ဝဘ်ဆိုဒ်

ပင် မရှိသေးပေ။ အများစုမှာ သတင်းအချက်အလက်အနည်းငယ်သာတင်ထားခြင်း (သို့) ကော်ပိုရိတ် စီမံအုပ်ချုပ်မှုနှင့် စွမ်းဆောင်ရည်ဆိုင်ရာ အချက်အလက်များ ဖော်ပြမှုမရှိခြင်း တို့ကို တွေ့ရသည်။

ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင် ကုမ္ပဏီ ငါးခုက ပျမ်းမျှရမှတ်၃၂ ရာခိုင်နှုန်းစီ ရရှိပြီး၊ အများပိုင်နှင့် ပုဂ္ဂလိက ကုမ္ပဏီများ ထက်ပိုမိုကောင်းမွန်သည်ကို တွေ့ရသည်။ အများပိုင်နှင့် ပုဂ္ဂလိက ကုမ္ပဏီများသည် ပျမ်းမျှရမှတ် လေး ရာခိုင်နှုန်းစီရရှိသည်။ အစိုးရပိုင် လုပ်ငန်းများမှာမူ ပျမ်းမျှရမှတ် အနည်းဆုံးဖြစ်သည်။ အစိုးရပိုင် လုပ်ငန်းများတွင်ရမှတ်အများဆုံးမှာ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် နှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေး ကော်ပိုရေးရှင် တို့ဖြစ်ပြီး ၎င်းတို့နှစ်ခုတည်းသာ ပျမ်းမျှရမှတ် ငါး ရာခိုင်နှုန်းအထက်ရရှိထားသည်။

အစီရင်ခံစာထုတ်ဝေသည့်အခမ်းအနားတွင် MCRB၏ ဒါရိုက်တာဗစ်ကီဘိုမန်က

*" ၂၀၁၈ အစီရင်ခံစာမှာ ထိပ်တန်း ရောက်ခဲ့တဲ့ကုမ္ပဏီတွေရဲ့စွမ်းဆောင်ရည်ကို ပိုပြီးတိုးမြှင့်စေဖို့လိုတယ်လို့ ၂၀၁၉ပွင့်သစ်ကို ဆောင်ရွက်တဲ့ အခါမှာ ဆုံးဖြတ်ခဲ့ပါတယ်။ ဒါကြောင့် ကျွန်မတို့က ကမ္ဘာကလက်ခံလေးစားတဲ့ Integrated Reporting Framework <IR>နဲ့ဆက်နွယ်တဲ့ စွမ်းဆောင်ရည်ဆိုင်ရာ စံနှုန်းတွေကို ထပ်တိုးခဲ့တာပါ။ အဲဒါက အာဆီယံ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုက မျှော်လင့်ထားတဲ့ အခြေခံကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ထုတ်ဖော်တင်ပြမှု(basic corporate governance disclosure)ထက် ကျော်လွန်ပါတယ်။ ကုမ္ပဏီတွက ထုတ်ထားတဲ့မူဝါဒတွေကို ဘယ်လို လက်တွေ့အကောင်အထည်ဖော်သလဲ ဆိုတာကိုဖော်ပြနိုင်တဲ့ ကုမ္ပဏီတွေကို ဒီစံနှုန်းတွေက အသိမှတ်ပြုပေးနိုင်ပြီး အမှတ်ရရှိစေမှာ ဖြစ်ပါတယ်။ ဒါမှလည်း ကုမ္ပဏီတွေက ဆက်လက် လျှောက်လှမ်းမှု ရှိနေတာလား အပြောသက်သက်လား ဆိုတာကို တိုင်းတာနိုင်မှာပါ။ အဲဒါကပိုပြီးတော့ စိန်ခေါ်မှုများပါတယ်။ဘာကြောင့်လဲ ဆိုတော့ ကုမ္ပဏီတွေကို စနစ်တစ်ကျ ဖြစ်အောင်လုပ်ပြီး စွမ်းဆောင်ရည်ကို တိုင်းတာရတာဖြစ်လို့ပါ။ ရလဒ်အနေနဲ့ကတော့ ထိပ်တန်း ကုမ္ပဏီ ၁၀ခု ၊အခု ၂၀ ဟာ ထုတ်ဖော်တင်ပြမှုတွေ ပိုလုပ်လာကြပေမယ့် ၂၀၁၈က ပျမ်းမျှရမှတ် ၇ရာခိုင်နှုန်းရှိရာကနေ ၂၀၁၉ မှာတော့ ပျမ်းမျှရမှတ်က ၅ ရာခိုင်နှုန်းပဲရပါတော့တယ် " ဟုပြောသည်။*

အာဆီယံ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုအမှတ်ပေးစည်းမျဉ်း၏မူလရည်ရွယ်ချက်သည် ထိုင်း၊စင်ကာပူ၊ မလေးရှား ၊ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်တို့မှ အများပိုင်ကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတို့ကို ထင်ဟပ်စေရန် ရေးဆွဲထားသော်လည်း မြန်မာနိုင်ငံတွင် အချို့သော ပုဂ္ဂလိကပိုင် ကုမ္ပဏီများက ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ၎င်းကိုရွေးချယ် ဆောင်ရွက်ထားကြသည်ဟု ဗစ်ကီက မီးမောင်းထိုးပြောကြားသည်။

"မြန်မာကုမ္ပဏီများဥပဒေအရ ပုဂ္ဂလိကပိုင် ကုမ္ပဏီအားလုံးဟာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီးများညွှန်ကြားမှု ဦးစီးဌာန(DICA ) ကို နှစ်စဉ်အစီရင်ခံစာ(Annual Return)နဲ့လက်ကျန်ငွေစာရင်းရှင်းတမ်းအပါအဝင် ဥပဒေအရပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာ( Statutory Report) တွေကို တင်ပြရမှာပါ။ ဒီအချက်အလက်တွေက အများပြည်သူကို အသိပေးရမယ့် အချက်တွေဖြစ်ပြီး မိုင်ကို ကနေအများပြည်သူရရှိနိုင်ရမယ့် အချက်အလက်တွေလည်းပဲ ဖြစ်ပါတယ်" *ဟု ဆက်ပြောသည်။*

*"ဒါပေမယ့် ပွင့်သစ် ၂၀၁၉က ထိပ်တန်းကုမ္ပဏီ(၁၀)ကိုကြည့်ရင် နံပတ်တစ်ဖြစ်တဲ့ စီးတီးမတ်အပါအဝင် ၇ခုဟာ ပုဂ္ဂလိကပိုင်ကုမ္ပဏီတွေပဲ ဖြစ်နေတာကိုတွေ့ရပါလိမ့်မယ်။ ဒါက ဘာကိုဖော်ပြလဲဆိုရင် ပိုင်ရှင်တွေနဲ့ထိပ်ပိုင်းဦးဆောင်သူတွေ ကို တက်တက်ကြွကြွလုပ်နေစေတာက ဥပဒေပိုင်းဆိုင်ရာ လိုအပ်ချက်မဟုတ်ဘဲ စီးပွားရေးလုပ်ငန်းအတွက် ပွင့်လင်းမြင်သာမှု၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနဲ့ ရေရှည်တည်တံ့ခိုင်မြဲမှုတွေဟာဘာတွေလဲဆိုတာ သိနေမှုပဲ ဖြစ်ပါတယ်။ ဒါတွေကသာ ရင်းနှီးမြှုပ်နှံသူတွေ၊ စီးပွားဖက်တွေကို ဆွဲဆောင်နိုင်မယ်။ လုပ်ငန်းလည်ပတ်ရာမှာလွယ်ကူစေတဲ့ ဆိုရှယ်လိုင်စင်ရဖို့တည်ဆောက်နိုင်မယ်ဆိုတာလုပ်ငန်းရှင်တွေက သဘောပေါက်ပါတယ်။ နောက်သူတို့သဘောပေါက်တဲ့တစ်ချက်ကတော့ စွမ်းအင်ကို အကျိုးရှိစွာ အသုံးချခြင်းလို စွမ်းဆောင်ရည်ဆိုင်ရာ ကိစ္စပါပဲ။ အဲဒါက သူတို့အတွက် ကုန်ကျစိတ်လျော့ချရာမှာ အရေးပါတဲ့ အချက်ပဲ ဖြစ်ပါတယ်။ "*

စီးပွားရေးရေရှည်တည်တံ့မှုဆိုင်ရာအတိုင်ပင်ခံလုပ်ငန်း Yever မှ ဦးဆောင်ညွှန်ကြားရေးမှူး Nicolas Delange က "ပုဂ္ဂလိက ကုမ္ပဏီတွေက ထုတ်ဖော်တင်ပြမှုတွေကို ရွေးချယ်လုပ်ကိုင်လာကြပေမယ့် မြန်မာနိုင်ငံမှာ စတော့အိပ်ချိန်းစာရင်းဝင် ကုမ္ပဏီတွေ၊အထူးသဖြင့် ရှယ်ယာရှင် တစ်ရာအထက်ရှိတဲ့ အများပိုင်ကုမ္ပဏီတွေ အတွက် လိုအပ်တဲ့ ထုတ်ဖော်တင်ပြမှု လိုအပ်ချက်ဆိုင်ရာ ကျယ်ပြန့်တဲ့ နည်းနာစည်းမျဉ်းတွေ ရှိနေပါပြီ။။ အဲဒါတွေကို ၂၀၁၇ မြန်မာကုမ္ပဏီများ ဥပဒေ နဲ့ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က ထုတ်ပြန်ထားတဲ့ ၂၀၁၆ ထုတ်ဖော်တင်ပြခြင်းဆိုင်ရာအမိန့်ကြော်ညာစာတွေကနေ စတင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကလည်း ၂၀၁၉ခုနှစ်ထဲမှာပဲ ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းတွေအတွက် စီမံအုပ်ချုပ်မှုနဲ့ထုတ်ဖော်တင်ပြမှုဆိုင်ရာ လိုအပ်ချက်တွေကို ထုတ်ပြန်ထားပါတယ်။ဒါတွေကို ပွင့်သစ်စအပိုင်း(၁)မှာ ဖော်ပြထားပါတယ်" ဟုဖြည့်စွက် ပြောဆိုသည်။

*ကျွန်တော်တို့ အစီရင်ခံစာမှာ တွေ့ရတာကကုမ္ပဏီအနည်းငယ်ကပဲ ဒီဖော်ထုတ်တင်ပြခြင်းလိုအပ်ချက်တွေကို သိတယ်။ ဒါပေမယ့် အပြည့်အဝအကောင်အထည် မဖော်နိုင်ဘူး။ တချို့ ကုမ္ပဏီတွေဆို သိတောင် မသိဘူး။*

*ဒါကြောင့် ကုမ္ပဏီတွေ အထူးသဖြင့် ငွေရေးကြေးရေး အဖွဲ့အစည်းတွေက ငွေကြေး၊ဆုံးရှုံးနိုင်ခြေတွေကို တွက်ချက်လေ့လာပြင်ဆင်တဲ့နေရာမှာ ရင်းနှီးမြှုပ်နှံဖို့လိုပါလိမ့်မယ်။ နောက်ပြီးသူတို့က မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၊ ဗဟိုဘဏ်နဲ့ DICA တို့လို စည်းကြပ်သူ၊ တွေဆီက ထောက်အပံ့လမ်းညွှန်မှုတွေ လိုပါတယ်။ နောက်ပြီးသူတို့ရဲ့ ဒါရိုက်တာအဖွဲ့ကလည်း ကျွမ်းကျင်တဲ့ စာရင်းစစ်တွေ ရှေ့နေတွေက အကြံပေးတာကို ရယူဖို့လိုပါတယ်။ အကြံပေးတွေက မြန်မာဒါရိုက်တာများ အင်စတီကျူက သင်တန်းတွေတက်ဖို့ လမ်းညွှန်ခြင်းဖြင့် ဒါရိုက်တာရဲ့ တာဝန်တွေ သိဖို့၊ လုပ်ငန်းတွေ နားလည်ဖို့ ကူညီမှာ ဖြစ်ပါတယ်။"* ဟု ပြောသည်။

လမ်းညွှန်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းအနေဖြင့် SECM က IFC ၏ အထောက်အပံ့ဖြင့် ၂၀၁၈တွင် မြန်မာကုမ္ပဏီ ၂၄ ခုကို ACGS စံနှုန်းအညီ အကဲဖြတ်ခဲ့သည်။ ၎င်းကို ၂၀၁၉ ဧပြီတွင် မြန်မာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်းအဖြစ် ထုတ်ပြန်ခဲ့သည်။ပွင့်သစ် ၂၀၁၉ကမူ မဖြစ်မနေပါဝင်ရပြီးထုတ်ဖော်တင်ပြမှုအပိုင်းကို ပိုဦးစားပေးထားသည်။

ကုမ္ပဏီ၁၀ဆခန့် ပိုများပြီး ACGS ၏ စံနှုန်းသိပ်မများဘဲ စွမ်းဆောင်ရည်ပိုင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု အပိုင်းကို ပိုအားထည့်ထားသည်။

ထို့အပြင် အဂတိလိုက်စားမှုပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ လေ့လာဆန်းစစ်ခြင်းနှင့်အကျိုးအမြတ်ပိုင်ဆိုင်မှုစသည့် ကော်ပိုရိတ်စီမံအုပ်ချုပ်နှင့် သက်ဆိုင်သည့် လက်ရှိဖြစ်ပေါ်နေသော စည်းမျဉ်းဆိုင်ရာ လိုအပ်ချက်များကိုပါ မီးမောင်းထိုးပြထားသည်။ ပွင့်သစ် ၂၀၁၉တွင်လည်း ကုမ္ပဏီများ၊အစိုးရနှင့် အခြား ဆက်နွယ်ပတ်သက်သူများအတွက် အကြံပြုချက်များကိုထည့်သွင်းဖော်ပြထားပါသည်။

MCRB နှင့် Yeverသည် လာမည့်၂၀၂၀ ပွင့်သစ်စကို တစ်နှစ်လုံးအချိန်ယူလုပ်ကိုင်ပြီး ၂၀၂၀ နှစ်ကုန်ပိုင်းမှ ထုတ်ပြန်ရည် ရည်ရွယ်ထားသည်။

<u>နောက်ခံသမိုင်း</u>

၁။ မြန်မာ့စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုကို အကဲဖြတ်သည့် ပွင့်သစ်စအစီရင်ခံစာကို ၂၀၁၄ခုနှစ်က စတင်ထုတ်ဝေခဲ့သည်။ ၎င်းသည် TI ၏ 'Transparency in Corporate Reporting'ကို မှီငြမ်းထားပါသည်။ ၎င်းကိုအသုံးပြုပြီး ၂၀၁၅နှင့် ၂၀၁၆ အစီရင်ခံစာများကို ထုတ်ဝေခဲ့သည်။ မြန်မာစီးပွားရေးလုပ်ငန်းများ အားအွန်လိုင်းမှတဆင့် ပွင့်လင်းမြင်သာမှုကိုတိုးမြှင့်ရန် တိုက်တွန်း အားပေးခြင်းဖြစ်သည်။ ၂၀၁၈တွင် ASEAN Corporate Governance Scorecard ကိုအသုံးပြုပြီး အကဲဖြတ်ခဲ့သည်။
http://www.myanmar-responsiblebusiness.org/pwint-thit-sa/report.html

၂။ ၂၀၁၉ အစီရင်ခံစာကို https://www.myanmar-responsiblebusiness.org/pwint-thit-sa/2019.html တွင်ရရှိနိုင်ပြီး စံနှုန်း ၁၄၃ခု( ဖော်ထုတ်တင်ပြမှု ၁၁၉နှင့် စွမ်းဆောင်ရည် ၂၄) အနက် စံနှုန်း၆၉ခုမှာ ACGSမှ ဖြစ်သည်။ ၎င်းတို့ကို နယ်ပယ်လေးခုသတ်မှတ်ပြီးအမှတ်ပေးခဲ့ရာ အမြင့်ဆုံးရနိုင်သည့် အမှတ် မှာ ၁၆၇ မှတ် (ဖော်ထုတ်တင်ပြမှု ၁၁၉ မှတ်နှင့်စွမ်းဆောင်ရည် ၄၈မှတ်) ဖြစ်သည်။

.

| | **စံသတ်မှတ်ချက် အရည်အတွက်** | **ရာခိုင်နှုန်း** |
|---|---|---|
| **ကော်ပိုရိတ် အကြောင်းအရာ**: ကုမ္ပဏီတင်ပြပုံ ၊ ပိုင်ဆိုင်မှုဆိုင်ရာဖွဲ့စည်းပုံ၊ ကုမ္ပဏီနည်းဗျူဟာ၊ ကော်ပိုရိတ်ဆိုင်ရာ ဆက်သွယ် ပြောဆိုခြင်း | ၂၁ | ၁၇% |
| **ကော်ပိုရိတ် စီမံအုပ်ချုပ်မှု**: အကျိုးသက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ ဒါရိုက်တာဘုတ်အဖွဲ့၏ ဖွဲ့စည်းပုံ၊ ဒါရိုက်တာ ဘုတ်အဖွဲ့၏ | ၄၄ | ၂၉% |

| | | |
|---|---|---|
| တာဝန်ဝတ္တရားများ၊ စာရင်းစစ် ကော်မတီ ၊ ရွေးကောက်ခြင်းကော်မတီ၊ ငွေကြေးလုပ်ခပေးခြင်း/ငွေကြေးလျော်ပေးခြင်း ကော်မတီ၊ လုပ်ဆောင်မှုအကဲဖြတ်ခြင်းနှင့် ဘုတ်အဖွဲ့ဝင်များ ခန့်အပ်ခြင်း၊ | | |
| **ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ စီမံခန့်ခွဲမှု**: စီမံခန့်ခွဲမှု၊ နည်းဗျူဟာ၊ ကော်ပိုရိတ် မူဝါဒများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများ၊ ထုတ်ဖော်ပြောဆိုခြင်းဆိုင်ရာ မူဝါဒ ၊ ရေရှည်တည်တံ့ ခိုင်မြဲရေးဆိုင်ရာ အစီရင်ခံခြင်း | ၄၀ | ၂၇% |
| **အစီရင်ခံခြင်း** နှစ်ပတ်လည် အစီရင်ခံစာ ၊ မူဘောင် ၊ ဘဏ္ဍာရေးနှင့် လုပ်ငန်းလည်ပတ်မှုပိုင်းဆိုင်ရာ ၊ဘဏ္ဍာရေး မဟုတ်သော | ၃၈ | ၂၇% |

၃။ မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) ကို ယူကေအခြေစိုက် Institute for Human Rights and Business (IHRB) နှင့် ဒိန်းမတ်နိုင်ငံအခြေစိုက် Danish Institute for Human Rights (DIHR) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ယူကေ၊ နော်ဝေး ၊ ဆွစ်ဇာလန် ၊ နယ်သာလန် နှင့် အိုင်ယာလန်တို့၏ အထောက်အပံ့ဖြင့် ဖွဲ့စည်းကာ ရန်ကုန်မြို့တွင် အခြေစိုက်ဖွင့်လှစ်ထားပါသည်။၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ဒေသတွင်းလိုအပ်ချက် နှင့် နိုင်ငံတကာစံချိန်စံညွှန်းများ နှင့် အညီ မြန်မာနိုင်ငံတွင်း တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း နှင့် သက်ဆိုင်သည့် အသိပညာ ၊ စွမ်းရည် နှင့် စကားဝိုင်းများ ဖန်တီးရန် အတွက် ထိရောက် ပြီး တရားဝင်ဖြစ်သော လမ်းကြောင်း (Platform) တစ်ခု အဖြစ် အထောက်အကူ ဖြစ်စေရန် ဖြစ်သည်။ သို့မှသာလျှင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း အလေ့အကျင့်များ ပိုမို ဖြစ်ပေါ်လာမည် ဖြစ်သည်။ MCRBသည် စီးပွားရေးလုပ်ငန်းများ၊အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် အစိုးရတို့နှင့် အတူတကွ လုပ်ဆောင်နေပြီး ဘက်မလိုက်သည့် လမ်းကြောင်းပေါ်တွင် ရပ်တည်ပါသည်။ (www.mcrb.org.mm)

၄။ Yever သည် စီးပွားရေးလုပ်ငန်း ဦးဆောင်သူ များ၏ လိုအပ်ချက်များနှင့်အညီဝန်ဆောင်မှုပေးသောရန်ကုန် အခြေစိုက် စီးပွားရေးအကြံပေးကုမ္ပဏီတစ်ခုဖြစ်သည်။ ကုမ္ပဏီများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရေရှည်တည်တံ့နိုင်သော ဈေးကွက်များတည်ဆောက်ခြင်းဖြင့် ၎င်းတို့၏စီပွားရေးစနစ် တိုးတက်ပြောင်းလဲမှုအား အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။ Yeverကို၂၀၁၆ခုနှစ်တွင်စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံ မှ အရည်အချင်းရှိသောလူငယ်များနှင့် နိုင်ငံတကာ အတွေ့အကြုံရှိသော ပညာရှင်များဖြင့် ဖွဲ့စည်းထားသည်။ ပွင့်သစ်စအစီရင်ခံစာအတွက် Yever က ရက်ပေါင်း၁၅၀ အချိန်ယူ ဆောင်ရွက်ခဲ့ပြီအခကြေးငွေမယူခဲ့ပါ။ (www.yever.org)

သတင်းအချက်အလက်များပိုမိုရယူလိုပါက:

MCRB: Phyu Phyu Zin, Information and Communication Officer, 09799667713 or phyuphyu.zin@myanmar-responsiblebusiness.org

Yever: Nicolas Delange, Managing Director, contact@yever.org